မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

(ဒီပဲယင်းလုပ်ကြံမှု (၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထူးထုတ်ပြန်ချက်)
(မေလ (၂၉) ရက် ၂၀၀၈ ခုနှစ်)

## မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသောပြစ်မှုကြီးများအပေါ်အရေးယူရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးသို့လွှဲအပ်ပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီကတောင်းဆိုခြင်း

၁။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေဖြင့် မြန်မာနိုင်ငံကိုသွားရောက်ခြင်း၊ ဒုက္ခသည်များ၏ အရေးအတွက်ဆောင်ရွက်ခြင်း၊ ဒီပဲယင်းလုပ်ကြံမှုကြီးနှင့်ဆက်စပ်ပြီး ဖမ်းဆီးခံနေရဆဲဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အတွက် ဝမ်းနည်းစကားပြောခြင်း၊ လွှတ်အောင်လုပ်ပေးမည်ဟု ကတိစကားပြောခြင်းစသည်တို့အတွက် မြန်မာနိုင်ငံသားအားလုံးအနေဖြင့် ကျေးဇူးတင်ရမည်ဖြစ်သည်။ သို့ရာတွင် ဤမျှဖြင့်မလုံလောက်တော့ပါ။ ယာယီလွှတ်ပေးလိုက်ရုံဖြင့်လည်း လွှတ်၊ ဖမ်း သံသရာကြီးမှ ရုန်းထွက်နိုင်မည်မဟုတ်ပါ။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို အတိအကျချိုးဖေါက် ခံရခြင်းဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၂၅တွင် ပါရှိသော အမျိုးသမီးများ၏ အခွင့်အရေးထိရောက်စွာ အကာအကွယ်ရခွင့်ကိုလည်း ချိုးဖေါက်ခံရခြင်းလည်းဖြစ်သည်။ ယင်းတို့ကိုအခြေခံလျှက် ဒေါ်အောင်ဆန်းစုကြည်၏မှုခင်းကို အရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီကနိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲပြောင်းပေးပို့နိုင်သော အခွင့်အာဏာရှိသည့်အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တာဝန်လည်းရှိသည်။ ယင်းသို့ဆောင်ရွက်ရန် လည်းတောင်းဆိုသည်။

၂။ ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားခဲ့သည်မှာ (၅) နှစ် တင်းတင်းပြည့်ပြီဖြစ်သည်။ လုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့သော တာဝန်ရှိအာဏာပိုင်များကို ထိရောက်စွာအရေးမယူနိုင်ခဲ့ခြင်းမှာ အောက်ပါအကြောင်းများကြောင့်ဖြစ်သည်။

(၁) နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကို ထိခိုက်မည်လားဟူသော စိုးရိမ်မှုများရှိခဲ့သဖြင့် ထိုစဉ်က ဒီပဲယင်းလုပ်ကြံမှုကြီးကို ထိရောက်စွာအရေးယူရေးအတွက် တညီတညွတ်တည်း တောင်းဆိုရန် ကြိုးပမ်းရာ၌ အားနည်းချက်များရှိခဲ့သည်။

(၂) ပြည်တွင်းရှိ တရားစီရင်ရေးစနစ်မှာ လုံးဝလွတ်လပ်မှုကင်းမဲ့နေပြီး အုပ်ချုပ်သူစစ်အာဏာပိုင်များ၏ လက်ကိုင်တုတ်အဖြစ် အသုံးချခံရလျှက်ရှိသည်။

(၃) နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဥပဒေကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားခြင်း မရှိသဖြင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက တိုက်ရိုက်အရေးယူနိုင်ခြင်းမရှိပေ။

၃။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးမှာ ကမ္ဘာတွင် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့မှ စတင်ပေါ်ပေါက်ခဲ့သည်။ ထိုတရားရုံးပေါ်ပြီးနောက်ပိုင်း ၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဒီပဲယင်း လုပ်ကြံမှုကြီးဖြစ်ပွားခဲ့သော်လည်း အထက်ပါအခြေအနေများကြောင့် အရေးမယူနိုင်ခဲ့ရခြင်း၏ အကျိုးဆက်အနေဖြင့် ပြစ်မှုကျူးလွန်သူများသည် ပိုမိုလက်ရဲ၊ ဇက်ရဲ ဖြစ်ကာ နောက်ထပ်ပြစ်မှုကြီးများကို တခုပြီးတခု ကျူးလွန်လျှက်ရှိသည်။ တကမ္ဘာလုံးက စောင့်ကြည့်နေသည့်အကြားမှပင် စက်တင်ဘာ ၂၀၀၇ခုနှစ်တွင် တည်ဆဲဥပဒေအားလုံးကို ချိုးဖေါက်ပြီး သံဃာတော်များကို ဖမ်းဆီး၊ ဖိနှိပ်၊ သတ်ဖြတ်ခဲ့သည်။ ပြစ်မှုကြီးများကို ကျူးလွန်ခဲ့ကြသူများအပေါ် တစုံတရာထိရောက်စွာ အရေးမယူနိုင်သမျှကာလပတ်လုံး၊ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည်မှာ မည်သည့်အခါတွင်မျှ ဖြစ်လာမည်မဟုတ်။ ဟန်ဆောင်တွေ့ဆုံဆွေးနွေးမှုများနှင့် အပေါ်ယံ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုသည်များမှာလည်း ကာလမကြာမီ ပျောက်ဆုံးသွားမည်ဖြစ်သည်။

၄။ မြန်မာနိုင်ငံတွင် ဖြစ်ပွားကျူးလွန်ခဲသော ပြစ်မှုကြီးများအပေါ် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး အနေဖြင့် အရေးယူဆောင်ရွက်ရန်အလားအလာကို တဖြေးဖြေးပို၍တွေ့လာရသည်။ ဆူဒန်နိုင်ငံမှာ နိုင်ငံတ

ကာပြစ်မှုဆိုင်ရာတရားရုံးဥပဒေကို လက်မှတ်ထိုးမထားသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လွှဲအပ်မှုဖြင့် ယင်းတွင်ဖြစ်ပွားသော ပြစ်မှုကြီးများကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက ၂၀၀၅ ခုနှစ်မှစ၍ အရေးယူဆောင်ရွက်လျှက်ရှိပြီဖြစ်သည်။ ၂၀၀၇ ခုနှစ် မေလ (၂၉) ရက်နေ့တွင် မြန်မာနိုင်ငံမှုခင်းများကို ယင်းသို့ဆောင်ရွက်သင့်ကြောင်း ဩစတြေးလျားနိုင်ငံ လေဘာပါတီ (ယခုအာဏာရပါတီ) က တိုက်တွန်းခဲ့သည်။ အလားတူတိုက်တွန်းချက်မျိုးကို ဥရောပသမဂ္ဂပါလီမန်က မကြာသေးမီ ၂၀၀၈ ခုနှစ်၊ မေလ ၂၂ ရက် နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ဤသည်မှာ နိုင်ငံတကာအဆင့်အနေဖြင့် အရေးယူဆောင်ရွက်နိုင်မည့် အလားအလာရှိလာပြီးဖြစ်ကြောင်း ကောင်းမွန်သည့် သက်သေခံချက်များဖြစ်သည်။

၅။ ဒေါ်အောင်ဆန်းစုကြည်ကို ယခုလက်ရှိချုပ်နှောင်ထားမှုသည် ယခင်ချုပ်နှောင်ခံရမှုများနှင့် လုံးဝပင်ကွဲပြားခြားနားသည်။ ဒီပဲယင်းလုပ်ကြံမှုကြီးတွင် ခံလိုက်ရသူများအနက် တဦးအနေဖြင့် ချုပ်နှောင်ခံရခြင်းဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက်သူများ၏ အန္တရာယ်မှကာကွယ်သည့်ဥပဒေအရ အရေးယူခံရခြင်းမျိုးမဟုတ်ဘဲ ဒီပဲယင်း၏ နောက်ဆက်တွဲအဖြစ် ထပ်ဆင့်ပြစ်မှုကျူးလွန်ခံနေရခြင်းဖြစ်သည်။ အဆိုပါ ဥပဒေအရ ငါးနှစ်ချုပ်နှောင်ထားပြီးလျှင် မုချလွှတ်ရမည်ဖြစ်ပါလျှက် မလွှတ်ခြင်းမှာ ယင်းအကြောင်းခံကြောင့်ဖြစ်သည်။သို့ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်မှုခင်းကို ပြည်တွင်းဥပဒေအရ သုံးသပ်ရုံနှင့် မလုံလောက်တော့ချေ။ သူမသေဆုံးကွယ်လွန်သည့်တိုင် တနှစ်ပြီးတနှစ် ဆက်လက်ချုပ်နှောင်ခံနေရမည်ဖြစ်ပြီး၊ နိုင်ငံတကာဖိအားကြောင့်ပြန်လွှတ်ပေးပြန်လျှင်လည်း လပိုင်းတချို့အတွင်းမှာပင် ထပ်မံချုပ်နှောင်ခံရပြန်ဦးမည်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေအားလုံးကို ဆန့်ကျင်ချိုးဖောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးချင်သလိုဖမ်းဆီး၊ လွှတ်ချင်သလိုလွှတ် လုပ်ဆောင်သည်များအပေါ် အပြီးအပိုင်ရပ်တန့်ရန် နိုင်ငံတကာဥပဒေအရ သုံးသပ်အရေးယူခြင်းသည်သာလျှင် တခုတည်းသော နည်းလမ်းဖြစ်တော့သည်။

၆။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ (၇) လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှုအပိုဒ် (၁) ပုဒ်မခွဲ (င) တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

(င) ဖမ်းဆီးချုပ်နှောင်ခြင်း (သို့) နိုင်ငံတကာဥပဒေအခြေခံများကို ချိုးဖေါက်၍လူတယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များကို ပြင်းထန်စွာဆုံးရှုံးစေခြင်း။

ဒေါ်ဆောင်ဆန်းစုကြည်ကို ဖမ်းဆီးချုပ်နှောင်ခြင်းမှာ သာမန်လူတဦးကို ဖမ်းဆီးချုပ်နှောင်သလို စဉ်းစားလို့မရနိုင်ပါ။ ဒေါ်အောင်ဆန်းစုကြည်လို ကမ္ဘာသိထင်ရှားသည့် အမျိုးသားခေါင်းဆောင်တဦးကို ပြည်တွင်းရှိတည်ဆဲဥပဒေများ အားလုံးကို ဆန့်ကျင်ပြီး ဖမ်းပြလိုက်ခြင်းဖြင့် တနိုင်ငံလုံးရှိ လူထုတရပ်လုံးကို ထိတ်လန့်ခြောက်ခြားသွားစေသည့်မှုခင်းကြီးကို ကျူးလွန်ခြင်းဖြစ်သည်။ နိုင်ငံတကာဥပဒေအရအရေးယူဆောင်ရွက်နိုင်သည့် အဆင့်သို့ရောက်သွားခြင်းဖြစ်သည်။ ယင်းအခြေခံပေါ်တွင် ထုံးဖွဲ့ထားသော နိုင်ငံတကာစီရင်ဆုံးဖြတ်မှုများလည်းရှိနေသည်။

၇။ သို့ဖြစ်၍ ပြည်တွင်းပြည်ပရှိ တရားမျှတမှုကိုလိုလားသော ပြည်သူများ၊ အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဥပဒေပညာရှင်များအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာရုံသာမက လွှတ်၊ ဖမ်း သံသရာကြီးမှ အပြီးအပိုင် အဆုံးသတ်သွားရေးအတွက် နိုင်ငံတကာပြစ်မှုကြီးကို ကျူးလွန်လျှက်ရှိသော နအဖ အာဏာပိုင်များအား နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှ အရေးယူဆောင်ရွက်သည့် အဆင့်အထိရောက်ရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန်၊**

– ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး ဖုံး ၆၆ (၀) ၈၁ ၅၃၃ ၀၆၀၅